# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ၁၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၀-၆-၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **ခိုင်းနွားဈေး နှစ်ဆမြင့်တက်လာ၍ တောင်သူများအခက်အခဲရှိနေသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့ ကြိုတင်ဆောင်ရွက်ထားရှိမှုကိုသိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **ဘဏ်ချေးငွေများ ထုတ်ယူရာ၌ အမှန်တကယ် လယ်လုပ်သူ တောင်သူများ မဟုတ်ဘဲ လယ်မလုပ်သူ၊ လယ်မရှိသူများအမည်ဖြင့် ငွေထုတ်ယူထားသူများအား မည်ကဲ့သို့ အရေးယူပေးမည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်(ကိုယ်စား) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **မြို့နယ်စာရင်းစစ်အရာရှိအဆင့်ကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးရာတွင် ဗို့အားမပြည့်ခြင်း၊ နေ့စဉ်ဓာတ်အားဖြတ်တောက်မှုများ ရှိနေ၍ စိစစ်ပေးနိုင်ရန်နှင့် ဒေသခံများ နေ့စဉ်(၂၄)နာရီ ဓာတ်အားအသုံးပြုနိုင်ရေး မည်သို့ ဆောင်ရွက်ပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့နယ်တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်(ကိုယ်စား) ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကြက်တစ်ကောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသော ဆေးရုံကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် ကျန်းမာရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးလေယာဉ်ကွင်းအား သင့်တော်သည့် အတိုင်းအတာထိ တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်၏ **ဘီးလင်းမြစ်ကြောင်းအား စနစ်တကျထိန်းသိမ်းရန် မည်ကဲ့သို့စီမံထားသည်နှင့် ပြန်လည် တူးဖော်ရန် သက်ဆိုင်ရာမှ မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်က တင်သွင်းသည့် **“အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။